အို- အာအိရှာဟ် ဧကန်အမှန်

အလ္လာဟ်အရှင်မြတ်သည်နူးညံ့သိမ်မွေ့တော်မူသော

အရှင်ဖြစ်တော်မူ၍ နူးညံ့သိမ့်မွေ့မှုကို

နှစ်သက်တော်မူသည်။

နူးညံ့သိမ်မွေ့မှုအပေါ်ချီးမြှင့်ထားသည့်

အကျိုးကုသိုလ်အား ခက်ထန်ကြမ်းတမ်းမှုနှင့်

အခြားမည်သည့်အရာအတွက်မျှ

ထိုကဲ့သို့ချီးမြှင့်ထားခြင်မျိုး မရှိပေ။

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဇနီးကြင်ယာတော်၊ မုအ်မင်န်တို့၏မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(
ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်မှာ - အို- အာအိရှာဟ်
ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည်နူးညံ့သိမ်မွေ့တော်မူသော အရှင်ဖြစ်တော်မူ၍
နူးညံ့သိမ့်မွေ့မှုကို နှစ်သက်တော်မူသည်။
နူးညံ့သိမ်မွေ့မှုအပေါ်ချီးမြှင့်ထားသည့် အကျိုးကုသိုလ်အား
ခက်ထန်ကြမ်းတမ်းမှုနှင့် အခြားမည်သည့်အရာအတွက်မျှ
ထိုကဲ့သို့ချီးမြှင့်ထားခြင်မျိုး မရှိပေ။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မုအ်မင်န်တို့၏ မိခင်မွန်ကြီး
အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ) သခင်မအား နူးညံ့သိမ်မွေ့စွာဆက်ဆံရန်
တိုက်တွန်းနှိုး‌ဆော်တော်မူခဲ့သည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်များအပေါ် အလွန်သိမ်မွေ့နူးညံ့တော်မူ၍ သူတို့အတွက် လွယ်ကူချောင်ချိမှုကိုလိုလားတော်မူပြီး ခက်ခဲမှုကို လိုလားတော်မမူပေ။ သူတို့ တတ်စွမ်းနိုင်သည်ထက် ပို၍တာဝန်ပေးအပ်တော်မမူပေ။ ထို့ပြင် မိမိ၏ ဗန္ဒဟ်ကျေးကျွန်သည် နူးညံ့သိမ်မွေ့မှု၊လွယ်ကူချောင်ချိသောနည်းလမ်းကို ကိုင်တွယ်လိုက်နာမှုတို့နှင့် ပြည့်စုံစေလိုတော်မူ၍ကြမ်းတမ်းခက်ထန်သူ မဖြစ်စေလိုပါ။ အလ္လာဟ်အရှင်မြတ်သည် ဤလောကီဘဝ၌နူးညံ့သိမ်မွေ့မှုနှင့် ကြင်နာမှုအပေါ် ချီးမွမ်းခြင်း၊လိုရာဆန္ဒများပြည့်ဝခြင်းနှင့် ရည်မှန်းချက်များတွင် လွယ်ကူမှုကဲ့သို့သောကောင်းချီးများကို ချီးမြှင့်ပေးတော်မူသည်။ နောင်တမလွန်ဘဝတွင်လည်း အရှင်မြတ်သည်
ထိုသို့သောသူအား ကြီးမားသောအကျိုးဆုလာဘ်ကို ချီးမြှင့်တော်မူမည်ဖြစ်ပြီး
ထိုသို့သောဆုလာဘ်ကို ခက်ထန်ကြမ်းတမ်းမှုပေါ် ချီးမြှင့်တော်မူခြင်း မရှိပေ။
အဘယ့်ကြောင့်ဆိုသော် နူးညံ့သိမ်မွေ့မှုဖြင့် ရရှိသောအကျိုးကျေးဇူးများကို
အခြားသောအရာများဖြင့်ရယူ၍မရနိုင်သောကြောင့်ပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5797